ကင်ပွန်းကုန်းကျေးရွာ

ဒေးဒရဲမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကင်ပွန်းကုန်းကျေးရွာ၊ ဒေးဒရဲမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

Scanned with CamScanner

မာတိကာ

ကျေးဇူးတင်လွှာ ၁

စကားချီး (စကားနိဒါန်း)

ကင်ပွန်းကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ( VENN Digram)၊ ကျေးရွာရာသီခွင်ပြမြေပုံ
ဒေးဒရဲမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးပျူဟာနှင့် အစီအစဉ်

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၆

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ၇

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၇

(က) လူဦးရေးဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ၊ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား၊ မရေးရာကိစ္စဆိုင်ရာ

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ ၉

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျန်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦ၊ လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

Scanned with CamScanner

၅။ ကျေးရွာဖွံ့ဖြိုးတိုးတတ်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ ၁၂
အဟန့် အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ
၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၂
၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စရပ်များ ၁၃
၈။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ဆောင်ရွက်မည့်အချိန်ကာလ ၁၄
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း
(ခ) ဦးစားပေးစီမံချက်များ
(ဂ) စီမံကိန်းအကောင်အထည်ဖော်ရမည့် အချိန်ကာလ
၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၁၇
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၁၈
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးမည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ
၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၁၉
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်အကူအညီ

နောက်ဆက်တွဲ(၂) စီမံကိန်းဇယားများ

(၁) လူမှုစီးပွားရေးအခြေအနေ ၂၀
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ
(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ ၂၀
ဇယား ၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ
ဇယား ၃ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ
(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်းခန့်ခွဲမှုအခြေအနေ
ဇယား ၄ ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ
(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ ၂၄
ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ

Scanned with CamScanner

ဇယား ၆ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၇ အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား ၈ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၉ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ
(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၂၈
ဇယား ၁၀ ကုန်စည်နှင့် ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၁၁ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၁၂ ရေကြောင်းသယ်ယူပို့ဆောင်ရေးအခြေအနေ
ဇယား ၁၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၁၄ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၁၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ
(၆) ပညာရေး ၃၀
ဇယား ၁၆ ကျောင်းတက်နှုန်း
ဇယား ၁၇ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
(၇) ကျန်းမာရေး ၃၃
ဇယား ၁၈ အဖြစ်များသောရောဂါများ
ဇယား ၁၉ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၂၀ ကျန်းမာရေးထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၂၁ သောက်သုံးရေရရှိနိုင်မှု
ဇယား ၂၂ အိမ်သာအမျိုးအစား
(၈) ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ ၃၆
ဇယား ၂၃ ကျေးရွာ၏ထိခိုက်နိုင်သည့်ဘေးအန္တရာယ်များ အခြေအနေ
(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ ၃၆
ဇယား ၂၄ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ
(၁၀) ကျား-မ ရေးရာ
ဇယား ၂၅ ကျား - မ ရေးရာ ၃၇
နောက်ဆက်တွဲ(၂) ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆက်နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

Scanned with CamScanner

## ကျေးဇူးတင်လွှာ

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် (၂၀၁၈ - ၂၀၁၉) ခု၊ ဘဏ္ဍာရေးနှစ်မှ (၂၀၂၂ - ၂၀၂၃) ခု၊ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးဘက်စုံထောင့်စုံကဏ္ဍစုံမှပုဂ္ဂိုလ်များ ပါဝင်ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ရှေးဦးစွာစီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးကူညီဆောင်ရွက်ပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးကူညီပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ စီမံချက်စာအုပ်ဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ပေးကြသော ကျေးရွာသူ/သားများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

## စကားချီး

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း ကျေးရွာလူထုမှ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးတတ်မြောက်စေရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးသည့် (VDP) သင်တန်းကြောင့်လည်းကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက် တို့၏အရေးပါမှုကိုသိရှိရုံသာမက ပတ်ဝန်းကျင်ကျေးရွာအုပ်စု စီမံကိန်းဆောင်ရွက်သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိခဲ့ရပါသည်။



Scanned with CamScanner

ယခုရေးဆွဲခဲ့သောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ၊ လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကင်ပွန်းကုန်းကျေးရွာ
ဒေးဒရဲမြို့နယ်

ဇူလိုင်လ - ၂၀၁၈ ခုနှစ်



Scanned with CamScanner





Scanned with CamScanner

ကင်ပွန်းကုန်းကျေးရွာ အဖွဲ့အစည်းများ ရှိခဲ့သောဆက်စပ်မှုအခြေအနေ



ရာသီဥတုပြ ပြက္ခဒိန်

| လများ / အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု အပူအအေး (နေပူခြင်း) | | | | | | | | | | | | |
| ရာသီဥတု (မိုးရွာခြင်း) | | | | | | | | | | | | |
| နွေစပါး မိုးစပါး စိုက်ပျိုးရေး | | | | မိုးစပါးစိုက် | | | | မိုးစပါးရိတ် | | နွေစပါး စိုက် | | နွေစပါး ရိတ် |
| ဝင်ငွေ | | | | | | | | | | | | |
| ပွဲတော်များ | သင်္ကြန် | ညောင်ရေသွန်းပွဲ | | | | | မီးထွန်းပွဲ / ကထိန်ပွဲ | | | | ဘုရားပွဲ | |
| ရောဂါ (လူ) | | | [illegible] | | | | | | | | | ဝမ်းပျက် ဝမ်းလျှော |
| | | | | | | | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည်မြို့နယ်အတွင်းရှိကျေးရွာအုပ်စုများ၏ အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့်အစီအစဉ်အသစ်ဖြစ်ကြောင်း သိရ ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင် ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာ ကြပါသည်။ ထို့အပြင်အခြားကျေးရွာအုပ်စုဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်နေမှုအပေါ် အတုယူ၍ လိုအပ်သော ကိန်းဂဏန်း သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များကို ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် လိုအပ်သော စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် စီမံကိန်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ ဘဏ်များ၊ NGOS များ ၊ သတင်း နှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သတ်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။



Scanned with CamScanner

**(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားလက်တွေ့အကောင်အထည်ဖော်ရာတွင် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏လိုအပ်သောအရင်းအနှီးများနှင့် လူထု၏စွမ်းရည်ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းတည်ရှိပြီး မြေပြန့်ဒေသတွင်တည်ရှိ၍ အုပ်ချုပ်ရေးရုံးစိုက်ရာ ဒေးဒရဲမြို့နယ်နှင့် ဆက်သွယ်သွားလာရလွယ်ကူသည့်ကျေးရွာတစ်ရွာဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် လယ်ယာလုပ်ကိုင်ခြင်း၊ လုပ်ငန်းများ လုပ်ကိုင်သူနှင့် သားငါးရှာဖွေသူအနည်းငယ်ရှိပါသည်။ ဒေသ၏မိုးရေချိန်လက်မမှာ ၈၀ မှ ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက်အသင့်အတင့် အထောက်အကူပြုသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကျွန်ုပ်တို့ကျေးရွာရှိ တောင်သူလယ်သမားများသည် မိုးရေနှင့် ချောင်းရေကိုအဓိကထား စိုက်ပျိုးကြပါသည်။ လယ်မြေများအသင့်အတင့်ရှိပြီး မြေအသင့်အတင့်ကောင်းမွန်သည်။ မိုးစပါးကို အဓိကထားစိုက်ပျိုးကြပါသည်။ ကန်ရေကိုအဓိကထား၍ သောက်သုံးပြီးမြေအောက်ရေကို အသုံးပြုမှုအသင့်အတင့်ရှိပါသည်။ ကျေးရွာတွင်သဘာဝသယံဇာတမထွက်ရှိပါ။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်းမရှိပါ။

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာ အချက်အလက်များ**

ကျွန်ုပ်တို့ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အိမ်ထောင်စုပေါင်း (၂၀၆) စုနှင့် ကျား(၄၄၀) ဦး၊ မ (၄၉၄) ဦး ဖြစ်ရှိပြီးလူဦးရေပေါင်း(၉၃၄) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅) ဦး ထက်လျော့နည်းသည်။ အလုပ်လုပ်နိုင်သောအရွယ် သည်ကျေးရွာလူဦးရေပေါင်း၏ ၆၀ ရာခိုင်နှုန်းခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။



Scanned with CamScanner

**(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်း၊ ကျွန်းလုပ်ငန်းနှင့် သားငါးရှာဖွေရေး လုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာသာမန်အားဖြင့် အသင့်အတင့်ကောင်းမွန် ပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် ချမ်းသာသောလယ်သမား အိမ်ထောင်စုများသည် ၁၅ ရာခိုင်နှုန်းနှင့် အိမ်ထောင်စုများအားလုံး၏၂၄ ရာခိုင်နှုန်းသည် အလယ်အလတ်နှင့် ကျပန်း အလုပ်နှင့် သားငါးရှာဖွေခြင်းအိမ်ထောင်စုများမှာ ၅၀ ရာခိုင်နှုန်းခန့် အလုပ်လုပ်ကိုင်ကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်းရာသီအလိုက် လယ်ယာလုပ်ငန်း၊ ကျပန်းလုပ်ငန်း၊ သားငါးရှာဖွေရေးလုပ်ငန်း၊ လက်လီခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ စသည့်တို့ တွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲဖြစ်သော အိမ်ထောင်စုများ၏ ၃၀ရာခိုင်နှုန်းဖြစ်သော အိမ်ထောင်စုများကိုလေ့လာ ဆန်းစစ်မှုအရရင်းတို့အားလုံးသည် သူတစ်ပါး ထံမှလုပ်အားခကြိုတင်ယူ၍ နပ်မှန်စားသုံးနိုင်ပြီး၊ နှစ်လခန့်သာကြိုတင် ယူစားသုံးနေကြကြောင်း တွေ့ရှိရပါသည်။

ကျေးရွာအတွင်းရှိ အသက်ကြီးရွယ်အိုများမှာမိသားစုစောင့်ရှောက်မှုအောက်တွင် အများဆုံး ရှိကြပါသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် ရွာတွင်အရက်ဆိုင်နှင့် လောင်းကစားမှု(၂) လုံး ဒိုင်၊ (၃) လုံးဒိုင်များရှိသောကြောင့် အနည်းငယ်ထိခိုက်မှုများရှိကြောင်း တွေ့ရပါသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည်အလုပ်သမားများဖြစ်ကြသဖြင့် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြပါသည်။ အမျိုးသမီးလူငယ်/ လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြပါသည်။ ကလေးငယ်အများစုလည်းကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ မိုးဦး ကာလတွင် အနည်းငယ်ဖြစ်ပွားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာသားများအနေဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို အနည်းငယ်ရရှိပါသည်။ ကျေးရွာတွင်သောက်သုံးရေ၊ ရေကန်များရှိသော်လည်း သန့်ရှင်းသောသောက်သုံးရေမရရှိမှုကြောင့် ရံဖန်ရံခါ ဝမ်းပျက် ဝမ်းလျှော၊ တိုက်ဖွိုက်စသောရောဂါဖြစ်ပွားမှု အနည်းငယ်ရှိသည်ကို တွေ့ရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာတွင်အခြေခံပညာရေးကို ရွာထဲရှိ အလယ်တန်းကျောင်းအထိသင်ကြားနိုင်ပြီး အထက်တန်းကျောင်းကို ကျေးရွာနှင့် (၃) မိုင်အကွာ တော်ကမယ်ကျေးရွာအထက်တန်းကျောင်းတွင် လည်းကောင်း၊ ဒေးဒရဲမြို့ပေါ်အထက်တန်းကျောင်းများတွင်လည်းကောင်း တက်ရောက်နိုင်ပါ သည်။ ပညာအရည်အချင်းအသင့်အတင့်တတ်မြောက်ကြသော်လည်း အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု များမှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်၊ လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲ ဖြစ်ပါသည်။



Scanned with CamScanner

(စ) **ကျား- မ ရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင် ကျား - မ အကြားပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌မိန်းကလေးအရေအတွက်သည် ယောကျ်ားလေး အရေအတွက်ထက်ပိုများနေ၍ အမျိုးသမီးများအတွက်ပညာသင်ယူရေးဆိုင်ရာ အခွင့်အလမ်းမှာ အမျိုးသားနှင့်အတူတူပင် ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝအရ အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခလျော့နည်းပြီးရကြသည်။ ကျား - မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့ အတွက်ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ **ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

(က) **ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင်အဖွဲ့အစည်းအချို့ရှိပါသည်။ ၎င်းတို့မှာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အရန်မီးသတ်အဖွဲ့၊ ပြည်သူ့စစ်၊ မြင့်မြတ်စေတနာလူမှုကူညီရေးအဖွဲ့အစည်းတို့ဖြစ်ပါသည်။ ယင်းအဖွဲ့များအနက် မြို့နယ်မှဖွဲ့စည်းပေးသောအဖွဲ့အစည်းများဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့တို့မှာ သင်တန်းများတက်ရောက်ကြပြီး ပြန်လည်ဆွေးနွေးမျှဝေခြင်းတို့ဖြင့် လှုပ်ရှားမှု အသင့်အတင့်ရှိပါသည်။ ကင်ပွန်းကုန်းလူငယ်အဖွဲ့သည် ကျေးရွာ၏လူမှုရေး၊ သာရေး၊ နာရေးကိစ္စများအတွက် စျေးဝယ်ခြင်း၊ ချက်ပြုတ်ရေး၊ ကျွေးမွေးရေးစသောလုပ်ငန်းအမျိုးအစားအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုများကောင်းပါသည်။ ကျေးရွာအတွင်းရှိအဆိုပါအဖွဲ့အစည်းများသည်တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြားချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး၊ အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

ကျေးရွာတွင်တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်သူအချို့ရှိကြပြီး ရာသီအလိုက်ဖြစ်ပွားတတ်သောတိရိစ္ဆာန်ရောဂါများသည် အဖြစ်များပြီးရောဂါကြောင့် သေဆုံးပျက်စီးမှုများရှိတတ်သည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကိုအလွယ်တကူ မရရှိနိုင်ချေ။ ကျေးရွာတွင်မွေးမြူရန်မြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။



Scanned with CamScanner

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင်စပါးကိုသာ အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၉၇၄) ဧကခန့်ရှိပါသည်။ မိုးစပါးပျမ်းမျှအထွက်နှုန်းမှာ (၃၀) တင်းမှ (၅၀) တင်းအထိထွက် ရှိပါသည်။ တောင်သူများသည်လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ အချို့လယ်သမားများမှာအလုပ်သမားရှားပါးမှုနှင့်ကုန်ကျစရိတ်မြင့်တက်မှုတို့ကိုကျော်လွှားနိုင်ရန်စပါးစိုက်ရာတွင် ကျဲပက်စနစ်ကိုသာ အသုံးပြုကြပါသည်။ စပါးစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုနှင့် ခရုကျရောက်မှုတို့ကိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်ရည်စွမ်းရှိကြသဖြင့် လယ်သမားများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကို လိုလား ကြသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိပါ။ ရွာသားအများစုသည် အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီးကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ပန်းရံအလုပ်သမားများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းများမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက်တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေများပြားပြီး ထိုအခြေအနေမှာကျေးရွာ၏အလားအလာကောင်း တစ်ရပ်ဖြစ်သည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာစပါးစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့်ဓာတုမြေသြဇာသုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာသည်။ လယ်သမားများအနေဖြင့် ဘက်စုံပိုးမွှားများ နှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ အခါအားလျော်စွာ ကျရောက်တတ်သောမိုးခေါင်ခြင်းက သဘာဝဘေးအန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာမှလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောငွေကို တစ်နှစ် အတိုးနှုန်း (၁) ကျပ်တိုး၊ တစ်ဧက တစ်သိန်းခွဲနှုန်းဖြင့် အများဆုံး(၁၀)ဧကအတွက် ချေးယူနိုင် သည်။ ကျေးရွာတွင် အချို့အိမ်ထောင်စုများထံမှ (၅) ရာခိုင်နှုန်းမှ (၁၀) ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ မိတ်ဆွေမိသားစုဝင်များထံမှ တစ်နှစ်အတိုးနှုန်း(၃)ရာခိုင်နှုန်းဖြင့် လည်းကောင်း ချေးယူနိုင်ကြသေး သည်။



Scanned with CamScanner

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး ကျောင်းဆောင်မှာ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်ဖြစ်ပါသည်။ ရွာသားအားလုံးမှာ ရေတတ်၊ ဖတ်တတ်ကြပါသည်။ ကျောင်းတွင်ပရိဘောဂလုံလောက်ပြီးကျောင်းဆရာမ(၉) ဦး၊ ကျောင်းလုပ်သား (၁)ဦးရှိပါသည်။ ကျောင်းတွင်ဆရာတပည့်အချိုးသည် (၁ : ၂၅) ရှိသောကြောင့် ဆရာ/ မ အင်အားလုံလောက်မှုရှိသည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီက ကျောင်းသားများအတွက်ပြဋ္ဌာန်းစာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် သောက်ရေအတွက် ရွာတွင်းရှိရေကန်မှရရှိပါသည်။ ကျေးရွာတွင်အိမ်သာများကိုယင်လုံအိမ်သာဖြင့်သုံးစွဲကြပါသည်။ စာသင်ကျောင်းများတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသား/သူများအတွက် အသုံးပြုရန်လွယ်ကူပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့် မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

**(ဇ) အခြေခံအဆောက်အဦ၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာရှိ ရွာတွင်းလမ်းမှာကွန်ကရစ်လမ်းဖြစ်ပြီး သယ်ယူပို့ဆောင်ရေး အတွက် မိုးအခါတွင် စက်လှေများကိုအသုံးပြုကြပြီး၊ နွေအခါတွင် ကားများကို အသုံးပြုမောင်းနှင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၆၃) စီး၊ စက်ဘီး(၁၄) စီး၊ ကား(၁) စီးတို့ကို အသုံးပြုလျှက်ရှိကြသည်။

တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့်အတင့် ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ် မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ သို့သော် ရွာသားများသည်မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီးလိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင်သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှု ဖြစ်ပွားခြင်း နည်းပါးသည်။



Scanned with CamScanner

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က)ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့်ကောင်းမွန်သည်။ လယ်သမားများ၊ လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုးရန် အထောက်အပံ့ ဖြစ်စေသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှု၊ ဖျက်ပိုး၊ ခရုများနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ လယ်သမားများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးကို ကျင့်သုံးနိုင်ရေးအထောက်အပံ့များ ရရှိရန်လိုအပ်ပါသည်။ ဘဏ်များမှကျေးရွာအရောက်ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိပဲချေးငွေလိုအပ်သောအိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန်စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာများတွင်အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင်အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အခက်အခဲများရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးမှုပန်းတိုင်

ကျွန်ုပ်တို့ ကျေးရွာတွင်လူထုကိုယ်တိုင် လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံစိုက်ပျိုးရေးများဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရမည် ဖြစ်ပါသည်။

(က-၂) ကျွန်ုပ်တို့ ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီးကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(က-၃) ကျွန်ုပ်တို့ ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှ တဆင့်ကလေးများ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(က-၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင်အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုတိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။ အရင်းနှီးငွေရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင်ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက် သွားမည်။သင်တန်းတက်ထားသူများက တဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကိုမျှဝေပေးပြီး မိမိကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(ခ-၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင် စသောသင်တန်းများ တက်ရောက်နိုင်ရန်သင့်တော်သောသင်တန်းသားများကို တက်ရောက်နိုင်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက်ကျွမ်းကျင်မှုများကို တိုးပွားရရှိစေမည်။ ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(ခ-၃) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အဦများကို အသုံးပြုစီမံခန့်ခွဲရန်၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန်ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ**

အစိုးရမူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအဖွဲ့အစည်းများအနေနှင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြသည်။



Scanned with CamScanner

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့်ပုံမှန်စီစစ်ခြင်း။**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စီစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကိုသတ်မှတ်ကာလအတွင်း ပုံမှန်စီစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်ပါသည်။

**(ခ) စိုက်ပျိုးရေးကဏ္ဍမှ ဝင်ငွေပိုမိုရရှိလာနိုင်ရေး**

ကျေးရွာတွင်စပါးကို အဓိကထားစိုက်ပျိုးကြသည်။ လယ်သမားများအတွက်သီးနှံဖျက်ပိုးကျရောက်ခြင်းသည် ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ လယ်သမားများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်သည်။

**(ဂ) ကျန်းမာရေးတိုးတက်လာစေရေး**

ကျေးရွာတွင်ကျေးလက်ဆေးပေးခန်း ရှိသော်လည်း ကိုယ်ဝန်ဆောင်မိခင်များသန့်ရှင်းစွာမွေးဖွားနိုင်ရန်အတွက်မွေးခန်းနှင့် မွေးကုတင်အစရှိသောပစ္စည်းများလိုအပ်ပါသည်။ ဆေးသိုလှောင်ခန်းများလည်းလိုအပ်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလကိုဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ လူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတလျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။



Scanned with CamScanner

### (စ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုမှနှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ထားပါသည်။ အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှလည်း နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။



Scanned with CamScanner

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များမှာ

| ကဏ္ဍ/ ကဏ္ဍခွဲ စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|
| ဆက်သွယ်သွားလာရေး<br>၁။ ဆက်သွယ်သွားလာရလွယ်ကူချောမွေ့အောင်ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | ကျေးရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း | ကျေးလက်ဦးစီး |
| လူငယ်နှင့် ယဉ်ကျေးမှုကဏ္ဍ<br>၂။ ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | ၈၆ | ၂ | စာကြည့်တိုက်တည်ဆောက်ခြင်း | |
| စိုက်ပျိုးရေးကဏ္ဍ<br>၃။ သွင်းအားစုပိုမိုရရှိရေး | ၈၀ | ၃ | သွင်းအားစုများပိုမိုရရှိစေရေးစီမံချက် | |
| ပညာရေးကဏ္ဍ<br>၄။ မူကြိုကျောင်းတည်ဆောက်ခြင်း | ၇၅ | ၄ | မူကြိုကျောင်းတည်ဆောက်ခြင်း | |
| စိုက်ပျိုးရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ<br>၅။အသက်မွေးဝမ်းကျောင်းမှုသင်တန်းဖွင့်လှစ်ရန် | ၆၀ | ၅ | အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ခြင်းစီမံချက် | |



Scanned with CamScanner

(ဃ) စီမံကိန်းအကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေးအဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း | ၁ | ✓ | | | | |
| ၂ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၂ | | ✓ | | | |
| ၃ | သွင်းအားစုများပိုမိုရရှိစေခြင်း | ၃ | | | ✓ | | |
| ၄ | မူကြိုကျောင်းဆောင်တည်ဆောက်ခြင်း | ၄ | | | | ✓ | |
| ၅ | အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ခြင်း | ၅ | | | | | ✓ |

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန်ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှဘတ်ဂျက်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက် ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု ဥပမာ - လုပ်သား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)



Scanned with CamScanner

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသက်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားခြင်းစာနာမှုအထောက်အပံ့ |
| ၁ | ရွာအဝင်လမ်းကွန်ကရစ်ခင်းပြင်း | | | ✓ | | |
| ၂ | စာကြည့်တိုက်တည်ဆောက်ခြင်း | | | ✓ | | |
| ၃ | သွင်းအားစုများ ပိုမိုရရှိအောင်ဆောင်ရွက်ခြင်း | | | ✓ | | |
| ၄ | မူကြိုကျောင်းဆောင်တည်ဆောက်ခြင်း | | | ✓ | | |
| ၅ | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း | | | ✓ | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီးကော်မတီအသီးသီးအား တာဝန်ခွဲဝေအပ်နှံ၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလဲ လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန်မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။



Scanned with CamScanner

**(ဂ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိမ်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုခြင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိရမည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာ အဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ (ဥပမာ) လမ်းတံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း။**

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းသည် လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအား အကောင်အထည်ဖော်သော နည်းလမ်းကိုလက်ကိုင် ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရပါမည်။

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း**

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်း၏လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်ရေးစစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ အခန်းကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံများသည် စီမံကိန်းကိုတိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါသည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင်အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့နှင့် ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါသည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကိုကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ မှဦးဆောင်ပါဝင်မည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည်အောက်ပါ အချက်အလက်များအပေါ် ဦးတည်ပါမည်။



Scanned with CamScanner

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ၊ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ရသော အခက်အခဲများ၊ ပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးနှင့် သက်ဆိုင်ရာဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ ၎င်းအစီရင်ခံစာသည်စာမျက်နှာ(၂) မျက်နှာ (၃) မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သား များပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များလိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။



Scanned with CamScanner

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် ဒုံးဖောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၀ | ၆ | ၁၆ |
| ၁ နှစ်မှ ၄ နှစ်အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၅ | ၃၂ | ၄၇ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၃၈ | ၄၈ | ၈၆ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၇ | ၄၅ | ၁၀၂ |
| ၁၅ နှစ်မှ ၆၄ နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၀၆ | ၃၅၃ | ၆၅၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြို | ၁၄ | ၁၀ | ၂၄ |
| စုစုပေါင်း | | ၄၄၀ | ၄၉၄ | ၉၃၄ |
| စုစုပေါင်းအိမ်ထောင်စု | | ၂၀၆ | | |

ရင်းမြစ် .......(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကင်ပွန်းကုန်းကျေးရွာတွင် အမျိုးသားဦးရေထက် အမျိုးသမီးဦးရေက ပိုများကြောင်းစိစစ်တွေ့ရှိရပါသည်။

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ**

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊ စိမ့်စမ်း စသည့်) |
|---|---|---|---|---|
